ပူးတွဲ

**မြန်မာနိုင်ငံ၏ ပြည်ပ ပို့ကုန်၊ သွင်းကုန် စာရင်းအင်းများ ပြည့်စုံမှန်ကန်စေရေး ညှိနှိုင်းအစည်းအဝေး**

၂၈ ရက်၊ အောက်တိုဘာလ ၂၀၂၁ ခုနှစ်

မြန်မာနိုင်ငံ၏ ပြည်ပ ပို့ကုန်၊ သွင်းကုန် စာရင်းအင်းများ ပြည့်စုံမှန်ကန်စေရေး ညှိနှိုင်းအစည်းအဝေးကို ဗဟိုစာရင်းအင်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်မှ ဦးဆောင်၍ (၂၈-၁၀-၂၀၂၁) ရက်နေ့တွင် Virtual Meeting ဖြင့်ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်စုစုပေါင်း (၁၃)ဦး တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ အစည်းအဝေးတွင် ပြည်ပပို့ကုန်၊ သွင်းကုန် စာရင်းအင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် စာရင်းများညှိနှိုင်းခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များတွင် တွေ့ကြုံရမည့် အခက်အခဲများကို ဆွေးနွေးခဲ့ကြပါသည်။